

အောင်မြင်
စာပေ
လုံးချင်းဝတ္ထုသစ်
မြမှုလဲခင်
ချစ်ဆိပ်လူးသောလိပ်ပြာ

လူဆိုတာ မွေးဖွားလာကတည်းက သူ့ကံကြမ္မာနဲ့သူ

တွဲလျက် ပါလာပြီးသားပါ။ အဲဒါ လူ့ဘဝပဲ။ ဘဝဆိုတာကလည်း

မျက်လှည့်ပြထားတဲ့ အရာလိုမျိုးပဲ။ အခုတစ်မျိုး

တော်ကြာတစ်မျိုး ပြောင်းလဲနေတတ်တာမျိုးပါ။

မြပုလဲခင်

***

မိန်းမတစ်ယောက်ဟာ ကိုယ်ချစ်တဲ့ယောကျ်ား

တစ်ယောက်ကို အကြွင်းမဲ့ ယုံကြည်စိတ်ချ နေတတ်တာချည်းပါပဲ။

(မဥ္ဇူခင်ကျော်)

ပြင်းပြတဲ့ ချစ်ခြင်းတစ်ခုမှာ ကာမတဏှာနဲ့

မရောယှက်ဘူးဆိုတာ မဖြစ်နိုင်။

(ထွန်းတေဇာ)

သူ့ခန္ဓာကိုယ်၏ အစိတ်အပိုင်း တစ်ခုပမာ ဖြစ်သွားခဲ့သော

တန်ဖိုးဖြတ်မရသည့် ချစ်ခြင်းနှင့် ချစ်မိသွားခြင်းဖြစ်သည်။

(မုန်းမာန်အောင်)

ရွှေလင်ပန်းနဲ့ အချင်းဆေး၊ ရွှေဇွန်းကိုက်ပြီး မွေးဖွားလာပါတယ်ဆိုတဲ့

မိန်းမသာလျှင် မြင့်မြတ်တဲ့ အမျိုးကောင်းသမီး ဖြစ်ရလိမ့်မယ် ဆိုတာကို လက်မခံနိုင်ပါဘူး။

ကိုယ်ကျင့်တရားကို စောင့်ထိန်း ကျင့်ကြံအားထုတ်

နိုင်မှသာလျှင် မြင့်မြတ်တဲ့ အမျိုးကောင်းသမီးပါ။

(ပန်းမကိုင့်ထွန်း)

သံယောဇဉ်ဆိုတဲ့ နှောင်ကြိုးဟာ တဖြည်းဖြည်းချင်းနဲ့ အချစ်ဆိုတာ မကူးပြောင်းဘူးလို့ ပြောနိုင်မလား။

(သတိုးအောင်)

# အပိုင်း (၁)

# (၁၉၈၅)ခု ကာလဝန်းကျင်ခန့်က

# စတင်ခဲ့သော ဝေဒနာပျိုးခင်း

## အခန်း(၁)

"ထွန်းရောက်နေပြီ သမီး"

မိခင်ဒေါ်ခင်ခင်ကြီးက သူစားသောက်နေရာ စားပွဲသို့လာကာ ထုံးစံအတိုင်း လေသံပျော့ပျော့ အေးအေးလေးနှင့် အသိပေးလိုက်သည်။

"ဟုတ်ကဲ့ပါ မေမေ၊ သမီးလည်း ပြီးပါပြီ"

စားသောက်ခြင်းကို နောက်ဆုံးလက်ကျန် ကော်ဖီခါးခါး ဆိမ့်ဆိမ့်လေးနှင့် အဆုံးသတ်လိုက်ပြီး ထမင်းစား ကျွန်းစားပွဲရှည်ကြီးမှ ထလိုက်လေသည်။

"သြော် ... မေမေ၊ ဒီနေ့တော့ နည်းနည်း နောက်ကျမယ်နော်၊ ခေါင်းလျှော်မယ်၊ ဈေးပတ်မယ်၊ ပြီးရင် ညနေစာကို လေးလေးက စားပြီးမှ ပြန်ရမယ်ဆိုလို့ပါ"

ဒေါ်ခင်ခင်ကြီး ချိန်ဆလိုက်သည်။ သူ၏ တစ်ဦးတည်းသော ရှုမငြီးသည့် သမီးလေးမို့ ထားစရာနေရာပင် မရှိ။ သူများတကာ အမြင်တွင်လည်း

စင်းလုံးချော လှပနေစေရန် တင့်တယ်နေစေရာ အပြစ်မြူမှုန်မျှ မတင်နေစေရန် အစစအရာရာ သွန်သင်ဆုံးမ အလိုလိုက်ထားသည် .....

"မိုးချုပ်နေရင် မကောင်းဘူး သမီး"

"သမီးသိပါတယ် မေမေ၊ ဒါကြောင့် ကိုကိုအောင်တို့ စုံတွဲကိုပါ ပြန်လိုက်ပို့ခိုင်းပ့ါမယ်"

"အင်း ... အင်း၊ သမီးဖေဖေလည်း ပြန်ရောက်မယ့် အချိန်လေ၊ ထွန်းနဲ့သမီး ဘယ်လောက်ပဲ ဖြူစင်ပါစေ၊ ပတ်ဝန်းကျင်အမြင် တင့်တယ်ဖို့ကိုတော့ ပြသနေဖို့ လိုတယ်သမီး"

"ဟုတ်ကဲ့ပါ မေမေ"

သားအမိနှစ်ယောက် စကားကို ထမင်းစားခန်းအတွင်း အပြီးသတ်ပြောဆိုပြီးမှ ဧည့်ခန်းရှိရာသို့ အတူတကွ ထွက်ခဲ့ကြသည်။

ဧည့်ခန်းတွင် ထိုင်စောင့်နေရသော်လည်း ထွန်းတေဇာအတွက် မငြီးငွေ့ချေ။

သူ့ကို စကားဧည့်ခံ ပေးနေသော ဒေါ်ခင်ခင်ကြီး၏အဒေါ် မဥူခင်ကျော်၏ ဘွားလေးဖြစ်သူက စကားနှင့် ဧည့်ခံပေးနေသည်ကိုး ...

"ဟော ... မြေးလေး လာပြီ၊ ခေါင်းလျှော်ရည်တို့ တဘက်တို့ ပါပြီလား"

"ပါပါတယ် ဘွားလေး"

မဥူခင်ကျော်ကို သည်းသည်းလှုပ်သည့်အထဲ ဘွားလေးက ရှေ့ဆုံးကပင်။

ဘွားလေးနာမည်က "ဒေါ်တင်မမ" ဖြစ်သည်။ မိခင်၏ အဒေါ်ဆိုသော်လည်း မိခင်ထက် (၅)နှစ်ခန့်သာ ကြီးသည်။ ဈေးချိုတွင် ပိုးထည်ဆိုင်ထွက်နေဆဲပင်။

"ခွင့်ပြုပါဦး အန်တီ ဘွားလေး"

ထွန်းတောက လူကြီးနှစ်ဦးစလုံးကို ခါးအနည်းငယ် ညွတ်ကိုင်း နှုတ်ဆက်လိုက်ပြီး ဧည့်ခန်းထဲမှ ဦးဆောင်ထွက်သွားလေသည်။

မဥ္ဇူခင်ကျော်က မိခင်နှင့်ဘွားလေးကို မွှေးမွှေးတစ်ချက်စီ ပေးလိုက်ပြီးမှ နောက်က လိုက်သွားသည်။ မဥ္ဇူခင်ကျော်နောက်က လက်ဆွဲအိတ်လေး တစ်လုံးဆွဲပြီး ကားပေါ်အရောက် တင်ပေးရသူမှာ အိမ်ဖော်မလေး စာဥ ဖြစ်သည်။

ကိန်းခန်းကြီးလွန်းသည့် မိသားစုဟု ထွန်းတေဇာ အပြစ်မမြင်ရက်ပါ။

အဘယ်ကြောင့်ဆိုသော် မဥ္ဇူခင်ကျော်နှင့် သူသည် ယခုမှ တွေ့ဆုံကြ သည်မဟုတ်။ ငယ်စဉ်ကလေးဘဝ "ဝလုံး" တန်းမှနေ ဆယ်တန်းအထိ အတူတကွ တစ်တန်းတည်း၊ တစ်ကျောင်းတည်း တက်ရောက်ခဲ့ကြသည့် သူငယ်ချင်းများ ဖြစ်သည်။

ထိုမှ မဥ္ဇူခင်ကျော်က မန္တလေး ဆေးတက္ကသိုလ်တက်။ သူက ဓာတုဗေဒ အဓိကနှင့် မန္တလေး တက္ကသိုလ်မှာ တက်ရောက်ခဲ့သည်။ ဒုတိယနှစ် အ ရောက်တွင် သူငယ်ချင်းဘဝမှ ချစ်သူဘဝသို့ ကူးပြောင်းခဲ့သည်။

ယခုသူက ဘွဲ့ရသွားပြီ။ မဥ္ဇူခင်ကျော်က ကျောင်းပြီးဖို့ (၂)နှစ်ကျန်သေး သည်။

"မေမေ ... ဘွားလေး ... တာ့တာ"

မဥ္ဇူခင်ကျော် အိမ်က ထွက်တော်မူခန်းက မပြီးချေ။ ကားပြတင်းပေါက်မှ ခေါင်းပြူပြီး ပေါ်တီကို (ဆင်ဝင်)အောက်၌ ရပ်နေသော မိခင်နှင့် ဘွားလေး ကို လက်ပြနှုတ်ဆက် ရသေးသည်။

ဒါတွေအားလုံး ထွန်းတေဇာ အတွက်ကတော့ အီနေလေပြီ။ ခြံဝန်းတံခါး ထဲက သူ့ကားလေး လွတ်မြောက်တော့မှ ...

"ကိုင်း ... ဇူဇူ၊ ကျွန်တော်မျိုး ဘယ်ကို မောင်းရမှာလဲ"

"ထွန်းကလည်းကွာ ... ညက ဖုန်းထဲမှာ ပြောပြီးပြီလေ၊ ဇူဇူ ခေါင်းအရင် လျှော်မယ်၊ ပြီးတော့မှ ဈေးဝယ်မယ် ထွန်းနဲ့"

"တော်ပြီ ... သိပြီ၊ အစီအစဉ်တွေ မပြောင်းလဲဘူးဆိုတာ သေချာပြီဆိုရင် Beauty Saloon ကို အရင်မောင်းပြီး တစ်နာရီလောက် ကြာတဲ့အချိန်မှာ တော့ ထွန်းသွားချင်တဲ့ဆီ သွားမှာနော်"

"အင်းလေ ... ဆန်းသလားလို့၊ သွားနေကျပဲဟာ သွားပေါ့"

"ဒီနေ့တော့ နေ့လယ်စာ စားရင်း ပြောစရာတွေက အများကြီးပဲ ဇူဇူ"

"ခုပြောလည်း ရတာပဲ"

"နိုး ... နိုး၊ ကားမောင်းရင်း ပြောရတာ ဖီလင်အောက်တယ်၊ အရေးကြီး တဲ့ စကားတွေကို တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၊ အာရုံတွေ မ ထွေပြားစေတဲ့ ငြိမ်းအေးနေတဲ့ နေရာလေး တစ်ခုမှာ ထိုင်ပြီးပြောချင်တာ"

မဥ္ဇူခင်ကျော် ရင်ခုန်သံနှုန်းလေး မြင့်တက်လေသည်။ သူငယ်ချင်းတို့ ဘဝမှ ချစ်သူဘဝ ကူးပြောင်းခြင်း ဖြစ်သဖြင့် သူတို့အတွဲက သူများအတွဲ တွေလို ဆန်းဆန်းပြားပြား အသည်းအသန် ညုကလီးယားများနှင့် အချစ်ရူး တွေလို ထွေလီကာလီမျိုး မရှိကြ။

"ဘာစကားတွေ မို့လို့လဲ"

"ပြောတော့ သိရမှာပေါ့"

"နင်ကတော့ လုပ်ပြီဟာ၊ သူများတကာကို ဆတ်တငံ့ငံ့ ဖြစ်အောင်"

ထွန်းတေဇာ ရယ်လိုက်သည်။

မဥ္ဇူခင်ကျော်ဟူသော ချစ်သူရည်းစား သူငယ်ချင်းမလေးနှင့် နှစ်ကိုယ်တူ သွားလာနေရလျှင်ပင် သူ့အလိုလို ပျော်ရွှင်နေတတ်သည်။ နောက်ပြောင်

ကျီစယ် ရတာကိုလည်း ကျေနပ်သည်။ ဒါတွေကို "အချစ်"ဟု သူ စွဲစွဲမြဲမြဲ ယုံကြည်ထားသည်။

"မေမေက အပြန်မိုးမချုပ်ဖို့ မှာလိုက်တယ်"

"ပြောပ့ါဗျာ ... ကျွန်တော်မျိုးကို ဘွားတော်နှစ်ယောက် စလုံးက တဖွဖွမှာတယ်၊ သူတို့ ရွှေလို ဥထားတဲ့ သမီးလေးကို ဒီကတစ်ခါတည်း သုတ်ပြေးမှာ ကျနေတာပဲ၊ တစ်ဦးတည်းသော သမီးလေးကို ချစ်မိရတဲ့ မဟာဒုက္ခက လည်း တယ်ကြီးပါလားနော်"

မဥ္ဇူခင်ကျော် သဘောကျစွာ ရယ်လိုက်သည်။ သူကိုယ်တိုင်ကလည်း မိဘနှစ်ပါးနှင့် ဘွားလေး၏ ချစ်ခြင်းပုံစံခွက် အတွင်းမှာပင် လူလားမြောက်လာသူ ဖြစ်သဖြင့် ရိုးအီမသွား၊ ထူးဆန်းမနေ။

"ဟိုးဆရာ ရောက်ပြီ၊ အရှိန်လွန်သွားဦးမယ်"

ထွန်းတေဇာ ကားကို ပလက်ဖောင်းဘေး ကျွမ်းကျင်စွာပင် ထိုးရပ်ပေးလိုက်သည်။ မဥ္ဇူခင်ကျော်က ကားပေါ်က အထုပ်ကို ဆွဲယူဆင်းသွားရင်း ...

"ကိုင်း ... သင်သွားလိုရာ သွားနိုင်ပါပြီ၊ နောက်တစ်နာရီကျ တာဝန်ထမ်းဆောင်ရန် အသင့်ရှိပါစေ ငယ်ကျွန်ကြီး"

မဥ္ဇူခင်ကျော်က တံခါးကို အသာပိတ်ပြီး သူ့အား ပြုံးပြုံးလေးလုပ်ပြီး ကျောခိုင်းကာ Beauty Saloon ထဲသို့ လှမ်းဝင်သွားသည်ကို ထွန်းတေဇာ ပြုံးပြုံးကြီး ကြည့်ရင်း ကျန်ရစ်ခဲ့သည်။

မဥ္ဇူခင်ကျော်တဲ့။

သူ့ချစ်သူလေး ...။

ရိုးရိုးလေးနှင့် မဟာဆန်သည့် မိန်းကလေး။

လူတစ်ရပ် ဆံပင်တစ်ရပ်မို့ Beauty Saloon (အလှပြုပြင်၊ ခေါင်းလျှော်၊ ဆံသ)ဆိုင်တွေ ပေါ်လာရသည်ကိုပင် ကျေးဇူးတင်မိလေသည်။ ဆံပင်ရှည်ကြီးကို အလှဖန်ဆင်းရှင်တို့က စနစ်တကျနှင့် လျှော်ပေးရှင်းပေး အခြောက်ခံပေးတော့ ဆံရှည် မိန်းကလေးများ လက်ညောင်း၊ ဇက်ညောင်းခံရ သက်သာသည်ပင်။ သူ့ချစ်သူလေး ဇူဇူလေး သက်သာရာ သက်သာကြောင်း ဖြစ်သွားရသည့် အတွက် Beauty Saloon တွေ ပေါ်ပေါက်လာရခြင်းကို သူကျေနပ်သည်။

ဒါတောင် မဟာမျိုး မဟာနွယ် မဟာဆန်သည့် ဇူဇူဘွားတော်နှင့် မိခင်က ကိုယ်ပိုင်ဘီး၊ ရှမ်ပူ (ခေါင်းလျှော်ရည်)၊ မျက်နှာသုတ်ပဝါ၊ အုန်းဆီတို့ကို ယူဆောင်သွားစေလေသည်။ ဆိုင်ကပစ္စည်း မသုံးရတဲ့၊ ဖြစ်နိုင်လျှင် သူတို့ကိုယ်တိုင် လျှော်ပေးခဲ့သည်။ သို့သော် သူတို့ ကိုယ်တိုင်ကလည်း လက်တွေက ဖော့ဖယောင်းပမာ ပျော့ပျောင်းကြတော့ ဆိုင်လက်သို့ အပ်နှင်းလိုက်ရသည်။

ထွန်းတေဇာ ချစ်သူလေး အကြောင်းတွေးရင်း သူငယ်ချင်းတွေနှင့် ချိန်းထားရာ လက်ဖက်ရည်ဆိုင်သို့ ဦးတည်လိုက်သည်။

ဘွဲ့ရပြီဆိုတော့ အလုပ်အကိုင်အရေး ဆွေးနွေးကြမည်။ ခက်သည်က မိဘ၏ လက်ငုတ်လက်ရင်း လုပ်ငန်းကို သူစိတ်မဝင်စားချေ။

လူငယ်ပီပီ မိသားစုဟူသော လောင်းရိပ်အောက်က ထိုးထွက်ပြီး အသစ်အဆန်းလေးတွေ လုပ်ချင်သည်။

နိုင်ငံရပ်ခြား တိုင်းတစ်ပါးသို့ စွန့်စားသွားလာ ချင်သေးသည်။

ဒါကို မိဘတွေက လုံးဝခွင့်မပြု။

သူ့မိဘတွေကလည်း နှယ်နှယ်ရရမှ မဟုတ်လေပဲ။ မိုးကုတ်မြို့မှာ

ကျောက်တွင်းပိုင်များ ရှိသကဲ့သို့ မန္တလေးမြို့၌ ရွှေကုန်သည်ကြီးများ ဖြစ်သည့် ဦးတေဇာနှင့် ဒေါ်ထိပ်ထားဦးဆိုလျှင် မသိသူ၊ မကြားဖူးသူ မရှိသည် အထိ ကျော်ကြားသော မြို့မျက်နှာဖုံး သူဌေးကြီးများ ဖြစ်ကြသည်။

အလားတူ ဇူဇူမိဘများကလည်း တောင်မြို့ (အမရပူရ)၌ လက်ရက်ကန်းစက်၊ ရက်ကန်းစင်များနှင့် ချည်ထည်ပိုးထည် တိုက်များပိုင်ရှင် ပိုးကုန်သည်ကြီး ဦးကျော်ဇောနှင့် ဒေါ်ခင်ခင်ကြီး ဆိုတာလည်း နာမည်ကြီး မြို့မျက်နှာဖုံး သူဌေးကြီးများပင် ဖြစ်သည်။

ထို့ကြောင့် စိန်စိန်ချင်း၊ ရွှေရွှေချင်း၊ ဂုဏ်ဂုဏ်ချင်းထပ်မည့် မျိုးဆက်ခံ ထွန်းတေဇာနှင့် မဥ္ဇူခင်ကျော်တို့ အချစ်ရေးကို နှစ်ဖက်မိဘက မကန့်ကွက်သည့်အပြင် လိုလိုလားလားပင် ဆောင်ကျဉ်း ပေးလိုကြပြီ။

ဤသည်ကို အလိမ္မာမလေး မဥ္ဇူခင်ကျော်က ...

"သမီးကျောင်းပြီးသွားတဲ့အထိ စောင့်ပေးစေချင် ပါတယ်ရှင်"

ဆိုသော စကားလေး တစ်ခွန်းနှင့်ပင် ကျေနပ်လက်ခံ နေကြရလေသည်။

ထွန်းတေဇာ ကိုယ်တိုင်ကလည်း ယခုမှ အသက်ကလေး (၂၁)နှစ်မို့ "အိမ်ထောင်ရေး" ဟူသော သဘာဝအကျဉ်း၌ မစံချင်သေး။

ထို့ကြောင့် မဥ္ဇူခင်ကျော်၏ ဆန္ဒသည် သူ့ဆန္ဒအဖြစ်ဖြင့်သာ ရှိနေခဲ့သည်။

ထွန်းတေဇာ "ဝင်းသီဟ" လက်ဖက်ရည်ဆိုင်ရှေ့ ကားထိုးရပ်လိုက်သည်။

သူငယ်ချင်းတွေက သူ့ကိုမြင်သည်နှင့် လှမ်းကာ လက်ပြလိုက်သည်။ ဒကာခံ ရှင်းပေးမည့်သူ လာပြီကိုး။

***

အခန်း(၂)

မဥ္ဇူခင်ကျော် ထမင်းဝိုင်းတွင် ထိုင်လိုက်သည်။

ထွန်း၏ အိမ်သည်လည်း သူ၏ စားအိမ်သောက်အိမ်၊ သူ၏အိမ်သည်လည်း ထွန်း၏ စားအိမ်သောက်အိမ်မို့ ရှိုးတိုးရှန်းတမ်း လုံးဝမရှိပါချေ။

ထမင်းဝိုင်းက ထုံးစံအတိုင်း လူစုံနေသည်။

ထွန်း၏အဘွား နန်းကိန်ဖောင်က စားပွဲ၏ထိပ်တွင် ထိုင်ပြီး ညာဘက်က ထွန်းဖခင် ဦးတေဇာ၊ ဘယ်၌ မိခင်ဒေါ်ထိပ်ထားဦး ထိုင်နေကျအတိုင်း ထိုင်သည်။

ကျန်နေရာများ၌ အိမ်ထောင်ကွဲ သားစုံတွဲ(၃)တွဲက ကြီးစဉ်ငယ်လိုက် ထိုင်သည်။ ဖခင်ဘေး သားအကြီးဆုံး ကျော်တေဇာ၊ နောက်ဒုတိယသား ဇော်တေဇာ၊ နောက် နို့ညှာသား အောင်တေဇာနှင့် နောက်သားအထွေးလေး ထွန်းတေဇာ ဖြစ်သည်။

ကိုယ့်ငါးချဉ် ကိုယ်ချဉ်သည်မို့ ညီအစ်ကို(၄)ယောက်ထဲ၌ အငယ်ဆုံး သားထွေးထွန်းက အချောဆုံးနှင့် အခန့်ညားဆုံး ဖြစ်သည်။ ဘွားတော်ကြီး နန်းကိန်ဖောင်၏ အသည်းကျော် ဖြစ်သည်။

"မြေးလေး မဥ္ဇူ ... ထိုင် သမီး"

မြေးအသည်းကျော်ရဲ့ ချစ်သူမို့ ဘွားဘွားက ဦးစားပေးပြီး ဖိတ်ခေါ်လိုက်သည်။

ကျန်မြေးချွေးမ များကလည်း ဒေါ်ထိပ်ထားဦးဘေးတွင် စီနီယာအလိုက်

ထိုင်သည်။

မမသဇင်မောင်၊ မမမေဘယ်လ်၊ မမလီလီထွန်းတို့ ဖြစ်သည်။

ထိုပွဲမျိုးကို ဘာမှ တရားဝင် သက်ဆိုင်ခြင်း မရှိသေးသော သူ့အနေနှင့် မတက်လိုပါ။ သို့သော် ကိုယ့်အပေါ် အရမ်းလိုလားသော မိသားစု၏ ဖိတ်ကြားမှုကို ငြင်းဆန်၍ မကောင်းသဖြင့် တက်ရောက်ရသည်။

"ကိုင်း ... စားကြတော့၊ စားရင်း စကားပြောကြတာပေါ့"

ဘွားဘွားနန်းကိန်ဖောင်က စတင်ခွင့်ပြု လိုက်သည်နှင့် သားနှင့်ချွေးမက ဟင်းများကို ဦးချပြီးမှ သားတွေကို စားခွင့်ပြုလိုက်သည်။

သားချည်းပဲလေးယောက် မွေးထားနိုင်သဖြင့် ချွေးမထိပ်ထားဦးကို ဘွားဘွားက အလွန်ချစ်လေသည်။

"မြေးထွန်း ... မဥ္ဇူလေးကို ဟင်းထည့်ပေးလေကွဲ့၊ လီလီကလည်း ညီမလေးကို ဟင်းထည့်ပေးရဲ့လား"

"ထည့်ပေးပါတယ် ဘွားဘွား"

လီလီထွန်းက လှမ်းပြောရင်း သူ့ပန်းကန်ထဲသို့ ကြက်သီဟိုဠ်စေ့ကြော် ခပ်ထည့်ပေးလိုက်သည်။

"ကိုင်း ... မြေးထွန်းက ဘွဲ့လည်း ယူပြီးပြီဆိုတော့ ဘာလုပ်ချင်သလဲ ဘွားဘွားကိုပြော၊ အိမ်ထောင်ပြုချင်တယ် ပြောလည်း ရတယ်နော်"

မဥ္ဇူမျက်နှာ နီရဲသွားသည်။ ဘယ်လောက်ပဲ သိနေတဲ့ကိစ္စ ဖြစ်ပါစေ၊ နောက်ပြောင် ကျီစယ်နေကျ ဖြစ်ပါစေ၊ ဒီကိစ္စနှင့် ပတ်သက်လျှင် ရှက်သည့်အတွက် ...

"ဘွားဘွားကလည်း ... သမီးကျောင်းပြီးမှလို့ ပြောထားတယ်လေ"

ဟု စကားနှင့် ကျားကန် ကန်ထားလိုက်သည်။ ထွန်းကိုလည်း မျက်ဝန်း

များနှင့် လှမ်းကာ ကြည့်လိုက်သည်။

"နင် ကတိဖောက်ရဲ ဖောက်ကြည့် အသိပဲ"

ဟူသော အဓိပ္ပာယ်ကို ဆောင်သည့်အကြည့်။

ငယ်နိုင်ပေကိုး။

ထွန်းက ပြုံးကာ ...

"အလကား ဘွားဘွား၊ သားက သူ့ကို ဘွဲ့ရမှ လက်ထပ်မယ်ဆိုလို့ သံယောင်လိုက်တာ"

"ထွန်းနော် .... စကားမလွဲနဲ့၊ ဘွားဘွားမြေးက နိုင်ငံတကာ လှည့်ချင်သေးတယ်တဲ့၊ (၅)နှစ်လောက် လွတ်လွတ်လပ်လပ် ကမ္ဘာလှည့်ပြီးမှ လက်ထပ်မယ်လို့ ပြောတာပဲ၊ အတည်လား နောက်တာလားကို သမီးလည်း မသိတော့ဘူး"

မဉ္ဇူ အခွင့်ရခိုက် လူကြီးတွေကို တိုင်ကြားလိုက်သည်။

ထိုအခါ၌ ဦးတေဇာ၏ မျက်ခုံးနှစ်ဖက် မြင့်တက်သွားသလို ဘွားဘွားကော ဒေါ်ထိပ်ထားဦးပါ စားသောက်ခြင်းကို ရပ်တန့်ပစ်လိုက်ပြီး ...

"လည်ပတ်ရုံဆိုရင် တစ်လနှစ်လပေါ့ ထွန်း"

"မဟုတ်ဘူး ... သားက သဘော်လိုက်ချင်တာ"

"ဘုရားရေ ... မျိုးရိုးမရှိပါဘူး သားရယ်"

ဒေါ်ထိပ်ထားဦးက ညည်းတွားလိုက်သည်။

ဘွားဘွားကတော့ ...

"မြေးလည်ချင်တယ်ဆိုရင် ငွေဘယ်လောက်ကုန်ကုန် ဘွားဘွား ထုတ်ပေးမယ်၊ အန္တရာယ် များတဲ့အလုပ် ပေးမလုပ်နိုင်ဘူး"

ကျလည်း ကျလောက်သည့်အဘွား။ ကျန်မြေးချွေးမတွေ မျက်နှာက မနာလို မရှုစိမ့်သလို မဲ့ကာရှုံ့ကာ ဖြစ်သွားကြသည်။

အမှန်ဆို အိမ်ထောင်ကျသွားသော သား(၃)ယောက်စလုံးကို ကိုယ်ပိုင်လုပ်ငန်း တစ်ခုစီနှင့် သီးခြားတိုက်တာ ကားတို့ကို အမွေအဖြစ် ခွဲဝေပေးထားပြီး ဖြစ်သည်။

"အန္တရာယ်မများပါဘူး ဘွားဘွားရဲ့ သားက အလကား ပိုက်ဆံမဖြုန်းချင်ဘူး၊ ကိုယ့်စရိတ်နဲ့ကိုယ် သွားချင်တာ"

"မာယာများတဲ့ ပင်လယ်ပြင်လောက် ကြောက်စရာ ကောင်းတာ ဘာရှိမှာလဲ သားရယ်၊ မေမေလည်း ခွင့်မပြုနိုင်ပါဘူး"

"ဖေဖေလည်း ခွင့်မပြုဘူး"

"ဘွားဘွားကလည်း လုံးဝပဲ"

အစ်ကိုတွေကလည်း မထောက်ခံကြ။

ထွန်းမျက်နှာ ငယ်သွားသည်။ သူ့ကို စွေကြည့်ကြည့်သည်။ မဋ္ဌူ အောင်နိုင်သူအပြုံး ပြုံးပြလိုက်သည်။

"ဒါဆို ရန်ကုန်တော့ သွားလည်ခွင့်ပြုနော်"

ထွန်းက အဆစ်ကလေး တောင်းလိုက်သည်။

"ငါးမရ ရေချိုးပြန်" တဲ့ထွန်းကို မဋ္ဌူက ချစ်စနိုးလေး ကြည့်လိုက်သည်။ ထွန်း၏ဇွဲနှင့် စိတ်ဓာတ်ကို သိသည်။ လိုချင်ပြီဆိုလျှင် ရအောင်ယူတတ်သည်။ ဖြစ်ချင်တာကို ဖြစ်အောင် လုပ်တတ်သည်။

"သွားလေ ... ဘွားလေးအိမ်မှာ တည်းပေါ့"

"ဟင် ... သားဟာ ဆွေကြီးမျိုးကြီး ကိန်းခန်းကြီးတဲ့ မိသားစုဝင်တစ်ယောက် အနေနဲ့ လည်ချင်တာ မဟုတ်ဘူး၊ သာမန်လူတစ်ယောက် အနေနဲ့

လည်ချင်တာ၊ ဒါမှ နဲ့နဲ့စပ်စပ် ရှိတယ် ဘွားဘွားရ"

မညာတတ်သော ထွန်းအနေနှင့် မိသားစုကို အမှန်တိုင်း သူ့ဆန္ဒကို တင်ပြနေခြင်း ဖြစ်သည်။

ဒါကို ထွန်းဖခင်က နားလည် သဘောပေါက်သဖြင့် ...

"ကဲပါ မယ်မယ်ရယ်၊ လူငယ်ဆိုတာ လူငယ်သဘာဝအတိုင်း လွတ်လပ်ခွင့်ကို ခုံမင်မှာပေါ့ ... ခွင့်ပြုလိုက်ပါ"

ဘွားဘွားနန်းကိန်ဖောင် မြေးအချစ်တော်၏ဆန္ဒ လိုက်လျောလိုက်ရသည်။ ခြွင်းချက်လေးနှင့် ...

"ဒါဖြင့် ဘယ်နေရာမှာ ရှိတယ်ဆိုတာတော့ ဘွားဘွားဆီညတိုင်း ဖုန်းဆက် အသိပေးရမယ်"

"ဒါလောက်ကတော့ ဖြစ်ပါတယ်"

ထွန်းက လိုတရသလို ကျေနပ်သွားသည်။ သူ့ကိုလည်း လှမ်း၍ မျက်စိတစ်ဖက် လှစ်ခနဲ မှိတ်ပြလိုက်သေးသည်။

"ဇူဇူက ကျောင်းတက်၊ သားကလည်း သားဝါသနာပါတဲ့ လုပ်ငန်းရွေးချယ် နေချိန်မှာ ယောင်ခြောက်ဆယ် မဖြစ်ချင်သေးလို့ တစ်လလောက်တော့ ဒေသန္တရ ဗဟုသုတ ရှာမှီးရင်း သားနဲ့ အကိုက်ညီဆုံး အလုပ်ကို ရှာဖွေချင်လို့ပါ ဘွားဘွားရယ်၊ ပိုက်ဆံဖြုန်းရုံသက်သက် မဟုတ်ပါဘူး"

"အေးပါ မြေးလေးရယ်၊ ဘွားဘွား နားလည်ပါတယ်"

ထိုအခါမှ ထွန်းတစ်ယောက် ဟင်းများကို အားပါးတရ စားသုံးလေတော့သည်။

ညစာစားပြီး သူ့ကို ထွန်းလိုက်မပို့တော့၊ ကိုကိုအောင်နှင့် မမလီကသာ အိမ်အပြန် တစ်ပါတည်း လိုက်ပို့ပေးရင်း သတိပေးစကားတွေ ဆိုလေ

သည်။

"ညီမရင်းလို ချစ်လို့ ဇူဇူကို ပြောရဦးမယ်၊ ထွန်းက လူငယ်ပီပီ တက်ကြွတယ်၊ အသစ်အဆန်း စူးစမ်း ရှာဖွေချင်တယ်၊ သူ့ချည်း လွတ်ထားလို့ မဖြစ်ဘူး ထင်တယ်"

"ကျွန်မထွန်းကို ယုံကြည်ပါတယ် မမလီ"

"အမှန်တော့ ထွန်းဟာ လူရိုးလေးပါ၊ ဆန့်ကျင်ဘက်တွေအပေါ် စိတ်မဝင်စားတတ်ဘူး၊ ဒါကိုက ကြောက်စရာကောင်းတဲ့ နိမိတ်တစ်ခုလိုပဲ ညီမလေး၊ တားလို့ရရင် တားထားစေချင်တယ်"

ကိုကိုအောင်နှင့် ထွန်းသည် နို့ညှာနှင့်နို့စို့ အထက်အောက်မို့ အတော်ချစ်ခင် ကြလေသည်။

မဥ္စူ ပြုံးကာ ...

"ကိုကိုအောင်ကလည်း ... ထွန်း စိတ်ညစ်သွားမှာပေါ့"

"သြော် ... ညည်းကလေးကလည်း ထွန်းမှထွန်းပါလား၊ မပြောချင်လည်း ညည်းလေး သဘောပဲ"

ကိုကိုအောင် လက်မြှောက် အရှုံးပေးလိုက်သည်။ မမလီကတော့ ...

"ညီမလေးရယ် ... မပြေးသော်လည်း ကန်ရာရှိတဲ့နော်၊ တတ်နိုင်သမျှတော့ တားကြည့်လိုက်ပါ၊ ယောကျ်ားနော် ... ယောကျ်ား၊ ကျားဆိုရင် ဘယ်ကျားမှ ဥပုသ်မစောင့်တတ်ဘူး"

မဥ္စူ အမှန်တကယ်ပင် စိတ်ရှုပ်သွားခဲ့သည်။ ဖြူစင်ရိုးစင်းစွာနှင့် နေထိုင်ကြီးပြင်းခဲ့သူ နှစ်ယောက်အတွက် ကံကြမ္မာကလည်း ဖြောင့်မတ်စွာပင် ဖန်တီးပေးထားမှာပါ။

ခက်သည်က ထွန်းကို သူယုံကြည်သည်။

ထွန်းပျော်လျှင် သူလည်း ပျော်ရသည်ပင်၊ ထွန်းကို နှောင်ဖွဲ့ခြင်းတွေ၊ ပိတ်လှောင်ခြင်းတွေနှင့် မဆွဲဆောင်လိုပါ။

"ထွန်းအချစ်နဲ့ သစ္စာတရားကို ကျွန်မယုံကြည်ပါတယ် မမလီ"

"အေးပါ ... အေးပါ တော်ကြာမှ ဒူးနဲ့မျက်ရည် သုတ်နေရမှ အချစ်နဲ့ သစ္စာတရားက ညီမကို မကယ်နိုင်ဘဲ ဖြစ်သွားမယ်"

"ဟင်း ... မမကလည်း နိမိတ်မရှိ နမာမရှိ"

"ညည်းလေးက အူတုံစင်းလေးမို့ မမက အားမလိုအားမရ ပြောရတာပါအေ" ဟု ပြောပြောဆိုဆိုနှင့် ...

မမလီက သူ့ပါးလေးကို ချစ်စနိုးလေးနှင့် မနာမကျင် ဆွဲလိမ်လိုက်လေသည်။

ထိုစဉ်က သူ့စိတ်ထဲ၌ ဤကိစ္စနှင့် ပတ်သက်၍ လုံးဝအလေးအနက်ကို မစဉ်းစားခဲ့ပါချေ။

သူချစ်သလို ထွန်းကလည်း သူ့ကိုချစ်သည်။ နားလည်မှုနှင့် အေးချမ်းစွာနေကြသည်။

ပြီးပြီပေါ့။

သူဘွဲ့ရလျှင် လက်ထပ်ကြမည်။

နှစ်ဖက်မိဘ ကတိကဝတ် ပြုပြီးသားပဲ။

ဘာလိုသေးလို့လဲ၊ လက်မထပ်ခင် ထွန်းလွတ်လွတ်လပ်လပ် လည်ပတ်ပါစေ။ ဘာတားမြစ်စရာ လိုသလဲ။ ဒါက မဥ္ဇူခင်ကျော်၏ ခံယူချက်ဖြစ်သည်။

***

## အခန်း( ၃ )

ဘူတာရုံကို မဠူချင်ကျော် လိုက်ပို့ပေးသည်။ ထွန်းတေဇာက လေယာဉ်နှင့်လည်း မသွားလို၊ ကိုယ်ပိုင်ကားနှင့်လည်း မသွားလို၊ သာမန်လူတစ်ယောက်၏ လွတ်လပ်ခြင်းမျိုးနှင့် ခရီးသွားလာ ချင်သည်တဲ့။

ထွန်းစိတ်ဓာတ်က ဆန်းကြယ်တာလား၊ စိတ်ကူးယဉ် ဆန်တာလား၊ မဠူ မခွဲခြားတတ်တော့။

"ဇူဇူ ..."

"အင်း"

"ငါသွားရင် လွမ်းနေမှာလား"

"လွမ်းတယ် ... လွမ်းတယ်ဆိုတာ ဘယ်လိုအရသာ မျိုးလဲလို့ မြည်းစမ်းခွင့် ရတာပေါ့ ဟင်း ... ဟင်း"

"ဟုတ်လား ... ဒါဆို ထွန်းအကြာကြီး နေကြည့်လိုက်မယ်၊ ဇူဇူဆီက အလွမ်းရသ မပေါ်လွင် မချင်းလေ"

"နေကြည့်လေ"

"တကယ်လား ... ဇူဇူက လွမ်းလှပါပြီ၊ ပြန်လာပါတော့ဆိုမှ ငါပြန်လာမယ်နော်"

"လုပ်လိုက်လေ ကြာသလားလို့"

"သားငယ်လေး"

ချစ်သူနှစ်ဦးကို အလိုက်တသိ ခပ်ခွာခွာမှနေ၍ ရှောင်ပေးနေသော ဒေါ်

ထိပ်ထားဦးရင်ထဲ မခွဲစဖူး ခွဲရတာမို့ မှာတမ်းတွေ ဘယ်လောက်ခြွေခြွေ ပြီးပြည့်စုံသည်ဟု မထင်သေး၍ သူတို့အနီး လျှောက်လာရင်း အသံပေး လိုက်သည်။

"ဗျာ .... မေမေ"

"ဒေသအပြောင်းအလဲမို့ ရေချိုးမမှားစေနဲ့၊ အစားအသောက်တွေလည်း တွေ့ကရာ မစားနဲ့နော်၊ ဟော်တယ်မှာပဲ တည်းပြီး ပူပူနွေးနွေး အစားအစာ စားပါ"

ထွန်းစိတ်ညစ်သွားသည်။ ဒါတွေပဲ ထပ်ခါထပ်ခါ မှာနေတာကိုး။ သို့သော် သားလိမ္မာပီပီ မိခင်အား ငြူစူခြင်း မပြုဘဲ ...

"ဟုတ် ..."

"နေ့တိုင်း ဖုန်းဆက်မှာလား"

"ဟုတ်"

"ဇူဇူဆီကောလား"

အလွှမ်းဆိုတာ ဂျိုနှင့်လားဟု သိချင်နေသော ငယ်ချစ်ဦးလေးထံမှ အခုမှ အသံထပ်ထွက် လာသည်။ သို့သော် မျက်နှာပြင်ပေါ်၌ စိုးရိမ်ပူပန် သောက တို့ ရောက်မလာသေးချေ။

သူကတော့။ ထွန်းတေဇာ တွေးကြည့်ခံစားကြည့်သည်။ ဝမ်းနည်းခြင်း လုံးဝမဖြစ်ပေါ်။

လုပ်ချင်ရာ လုပ်ခွင့်ရသဖြင့် ပျော်နေသည်။ သူတစ်ယောက်တည်း တစ်ခါ မှ မသွားစဖူး သွားရမည့် ခရီးစဉ်အတွက် ပျော်ရွှင်နေသည်။

"သမီးဇူဇူ"

"ရှင်လေးလေး ..."

"ဘွားဘွားက မှာလိုက်တယ်၊ သမီးဒီနှစ် စာမေးပွဲ ပြီးတာနဲ့ စေ့စပ်ကြောင်းလမ်းခြင်းကို ခမ်းခမ်းနားနား လုပ်ပေးမယ်တဲ့၊ သမီးမေမေ တို့ကိုတောင် ပြောပြီးပြီ"

"ဟုတ်ကဲ့"

ဇူဇူကပြုံးလျက် ခေါင်းညိတ်သည်။ နောက် ...

"ထွန်းကြားတယ်နော်၊ ထွန်းမှာ ခိုင်မာတဲ့ လုပ်ငန်းတစ်ခုတော့ လုပ်ကိုင် သင့်ပြီ သိလား၊ ယောင်ခြောက်ဆယ် လုပ်မနေနဲ့၊ ဘဝကိုအဓိပ္ပာယ်ရှိရှိ နေထိုင်တတ်ဖို့အတွက် လေ့လာတဲ့ခရီး ဖြစ်ပါစေနော်"

"အိုကေ ... ငါနားလည်ပါတယ်၊ ညည်း ဆရာမလုပ်ပါနဲ့"

တစ်ခါတလေ သူတို့နှစ်ဦးက ချစ်သူတွေပါလားဟူသော ပတ်သက်မှုကို မေ့နေပြီး သူငယ်ချင်းတွေဟုသာ မှတ်သားယူပြီး နင်ငါနဲ့ အနိုင်ယူတတ်ကြ သေးသည်။

"ဟင်း ... သတိမမူ ဂူမမြင် ဖြစ်မှာစိုးလို့ ပြောတာဟဲ့"

"ပညာရှိ သတိဖြစ်ခဲ ဖြစ်မှာစိုးလို့လို့ ပြောစမ်းပါ"

"တော်ကြပါတော့ ခွေးနဲ့မျောက်ရယ်"

ဒေါ်ခင်ခင်ကြီး ဟန့်တားလိုက်သည်။

ထိုအချိန်တွင် ဘူတာကြီး၏ အသံချဲ့စက်များဆီမှ အသံထွက်ပေါ်လာ သည်။

"စကြံ့န်အမှတ်(၁)မှ ××× ထွက်ခွာရန် (၅)မိနစ်သာ လိုပါတော့သဖြင့် ×××"

"သားငယ် ... ရထားပေါ် တက်တော့လေ"

"ဟုတ် ..."

ထိုအခါမှ အောင်တေဇာက ရထားအတက်အဆင်း တံခါးအထိ လိုက်ပို့ရင်း ...

"ထွန်း ... ကိုလေး တစ်ခုပဲ သတိပေးလိုက်မယ်နော်"

"ဟုတ် ..."

"အသောက်အစား၊ မူးယစ်ဆေးဝါး၊ လောင်းကစားနဲ့ မိန်းမဆိုတာတွေကို လုံးဝရှောင်ရှားပါ"

"ဟင် ... ကိုလေးက တစ်ခုဆိုပြီး (၄)ခုတောင် မှာရသလား၊ ဟား ... ဟား၊ စိတ်ချပါ ကိုလေးရာ ... တက်ပြီနော်"

ရထားပေါ်တက်ပြီးမှ ပြတင်းပေါက်က ခေါင်းပြူကာ ကြည့်သော ထွန်းတေဇာကို ဒေါ်ထိပ်ထားဦးက ...

"သားငယ် ..... တံခါးတွေ ဂျက်ကျရဲ့လား သေချာကြည့်ဦး၊ ခေါင်းတို့ လက်တို့ ပြူမထွက်နဲ့နော်၊ အန္တရာယ်ဆိုတာ မြင်နိုင်တဲ့အရာ မဟုတ်ဘူး"

"ဟုတ်ကဲ့ပါ မေမေရာ၊ ဝါရီတွေ များလိုက်တာဗျာ"

မိခင်ကျေနပ်စေရန် တံခါးဂျက်များကို စစ်ဆေးပြလိုက်သည်။

"ကျန်းမာရေး ဂရုစိုက်နော် ထွန်း"

ဆရာဝန်လောင်းပီပီ မဥ္ဇူခင်ကျော်မှာ အလိုက်သင့် စကားကလည်း ရင်ကို စွဲမက်စေစရာလားဟု ထွန်းအငေါ်တူး လိုက်ချင်သည်။ မိခင်နှင့် အစ်ကိုလေး ရှိနေလို့ ပြုံးကာ ...

"ငါသိပါတယ် ... ဆရာမလုပ်ပါနဲ့"

ဟုတော့ ပြောဖြစ်အောင် ပြန်ပြောလိုက်သေးသည်။ နောက်ချစ်သူမျက်နှာ ဖူးဖူးလေးကို ကြည့်ရင်း ...

"နင်လည်း စာတွေချည်းပဲ နင်းကန် ကျက်မနေနဲ့ဦး"

"အင်းပါ"

ဟူသော လေသံပျော့ပျော့လေးနှင့် အဖြေတွင် မျက်ဝန်းဆုံမိကြသည်။ သူ့စိတ် ထင်လို့ပဲလား မသိ၊ ဖူဖူမျက်ဝန်းလေးသည် စိုစွတ်မှုကြောင့် တောက်ပြောင် နေသလိုပင်။

သေချာပါသည်။ ငိုချင်နေသည့်ဟန်။ မျက်တောင်ကို ပုတ်ခတ် သိမ်းဆည်းနေသည်။

ထိုအချိန်တွင် ရထားက တရွေ့ရွေ့နှင့် ဘီးလိမ့်ကာ ထွက်ခွာလာသည်။

"ဘော် ... ဘူ ... ဘော် ... ဘူ"

"သွားပြီနော်"

လက်ကလေးပြကာ သူက ထွက်ခွာခဲ့သည်။ မိခင်၊ အစ်ကိုလေးနှင့် ချစ်သူက လက်ကလေး ပြကာ ကျန်ရစ်ခဲ့ကြသည်။

မြင်းကွင်း မပျောက်မကွယ်ချင်း လက်ပြခြင်းတို့က ရပ်တန့်မသွားကြချေ။

ထွန်းမြင်ကွင်းမှ အားလုံးပျောက်ကွယ်သွားမှ ဆိုဖာနောက်သို့ မှီချကာ "ဟူး" ခနဲ သက်ပြင်းချလိုက် မိလေသည်။

ခုချိန်မှာ သူတစ်ယောက်တည်း စွန့်စားလိုသည့်စိတ်နှင့် ဘဝတစ်ခုကို စတည်ထောင်သလို လှိုက်ဖိုမောကာ ခံစားနေရလေသည်။

သူ နိုင်ငံခြားသင်္ဘော လိုက်ဖို့အတွက် ရန်ကုန်သို့ ခြေချပြီး သူငယ်ချင်းများနှင့် ဆက်သွယ်ကာ ကြိုးပမ်းဖို့ ထွက်ခွာလာခဲ့ခြင်း ဖြစ်ကြောင်းကိုသာ အဘွား၊ မိဘများနှင့် အစ်ကိုများ သိပါက ရင်ဘတ်စည်တီးကာ လိုက်လာကြမည်လား၊ စွန်တောင်ဆွဲကာ လိုက်လာကြမည်လားဆိုတာ သူ မတွေးရဲအောင် ဖြစ်နေသည်။

သို့သော် လောကကြီး၌ ပြည့်စုံခြင်းဟူသော စည်းစိမ်ပုံကြီး ပေါ်ထိုင်နေရ

တာ ပျင်းရိငြီးငွေ့စရာ ကောင်းလွန်းလှသည်ဟု သူထင်သည်။

ဒါကြောင့် စွန့်စားသွားလာ လှုပ်ရှားရုန်းကန် ကြိုးစားအားထုတ် ရခြင်းမှာ လူ့ဘဝ၌ လူဖြစ်ရကျိုး နပ်သည်ဟူသော သူ့ယူဆချက်ကို ဘယ်သူတွေကပဲ ရူးသွပ်သည်ပြောပြော သူကတော့ အကောင်အထည် ဖော်မည်ပင်။

ထွန်းတေဇာက ရထားအရှိန်ကို ခွင်း၍ တိုးဝှေ့လာသော လေအဟုန်၏ အရသာ ပြင်းရှရှကို ခံစားရင်း မြို့တော် မဟာရန်ကုန်ကြီးဆီသို့ စိတ်ကူးယဉ်နှင့် မှန်းဆကြည့်ရင်းဖြင့် ...။

***

## အခန်း(၄)

ထွန်းတေဇာ သမ္မတဟိုတယ်မှာပင် တည်းခိုလိုက်သည်။

နောက် ရန်ကုန်ရောက်နေသော သူငယ်ချင်း သီဟနှင့် အဆက်အသွယ်လုပ်ရန် ကြိုးပမ်းလိုက်သည်။ အငှားကားကိုငှားပြီး သီဟနေထိုင်ရာ သာကေတသို့ သွားတွေ့ရသည်။ သီဟမှာ ဖုန်းနံပါတ် မရှိဘဲ လိပ်စာသာ ပေးထားခြင်းကြောင့်ဖြစ်သည်။

ညရထား စီးတော့လည်း လှုပ်လှုပ်နှင့် ငြိမ့်ငြိမ့်လေး စီးရမလားမှတ်သည်။ ခုန်ချက်၊ ယမ်းချက်က ကမ်းကုန်တော့ ကျောက်ခဲ စားထားလျှင်ပင် ကျေလောက်သည်။

သာကေတ ရောက်တော့ လေးဘီးကားကို ပြန်မလွှတ်သေးဘဲ လိပ်စာအရ စုတ်ချာသော အိမ်ကလေး ခပ်ကုတ်ကုတ်ရှေ့ တံခါးနားရပ်ကာ ...

"သီဟ ရှိပါသလား"

"ဘယ်သူလဲ .... ဒီကောင် တစ်နေကုန် တစ်နေခန်း ဘယ်တုန်းက အိမ်ကပ်ဖူးလို့လဲ၊ ဒင်းအဖေက ဒင်းကို မနိုင်တိုင်း ဒီကို ပို့လွှတ်တယ်"

ရပ်ရည်ကြမ်းသလို ပါးစပ်အပေါက်ကလည်း ဆိုးပုံရသော မိန်းမကြီးတစ်ဦးက အိမ်ထဲ ဆေးလိပ်ထိုင်ဖွာ နေရင်းက လှမ်းပြောလိုက်သည်။ သီဟ၏ အမေပဲ ဖြစ်လိမ့်မည်ထင်သည်။

"ဒါဖြင့် ဘယ်သွားပါသလဲ ဒေါ်လေး"

"ဘယ်သိမလဲတော် ... ရွာရိုးကိုးပေါက် လျှောက်နေမှာပေါ့၊ အလုပ်မရှိလို့

အလုပ်ရှာတယ်ပေ့ါ၊ တစ်ရာ့ကိုး တစ်ရာ့တစ်ဆယ် သမားကို ကျုပ်ဘာပြော ပေးရမလဲ"

ထိုင်ပါဟု တစ်ခွန်းမှ မခေါ်။ ဒါကိုပင် ထွက်ပြေးချင်နေသော ထွန်းတေဇာ အတွက် ကျေးဇူးတင်မိလေသည်။

"ဒါဖြင့် ကျွန်တော်ပြန်ပါဦးမယ်၊ သီဟကို ဒီလိပ်စာလေး ပေးပေးပါ ခင်ဗျာ"

လူယဉ်ကျေးတို့ ထုံးစံအတိုင်း သူကတော့ ယဉ်ကျေးစွာပင် ပြောဆိုပြီး လိပ်စာကတ် နောက်တွင် သူ့နာမည်နှင့် အခန်းနံပါတ် ရေးပေးလိုက်သည်။

မိန်းမကြီးက ဆတ်ခနဲ လှမ်းယူပြီ ...

"အေး ... ပေးလိုက်မယ်"

သို့နှင့် သူလေးဘီး Taxi ကားနှင့်ပင် သမ္မတဟိုတယ်သို့ ပြန်လာလိုက်သည်။

သီဟ သဘော်လိုက်ဖို့ ဘာငွေရှိမှာလဲ၊ ထုံးစံအတိုင်း သူပဲ ဒကာတော် ရေမြေ့ရှင် လုပ်ရဦးမှာ ထင်သည်။ အင်းလေ ... သူက အဆက်အသွယ်ရှာ၊ ကိုယ်က အရင်းအနှီးထုတ်၊ နှစ်ယောက်သား အတူတူ တက်ခွင့်ရလျှင် မဆိုးပါဘူးဟု သူတွက်ဆလိုက်သည်။

ဘွားအေလုပ်သူက ငွေလိုလျှင် သွားယူဖို့ ရန်ကုန်ရှိ ရတနာ ကုန်သည်များ၏ လိပ်စာကဒ်တွေကို ပေးထားသည်။ လုပ်ငန်းမကင်းရာ မကင်းကြောင်းတွေဖြစ်ပြီး လုပ်ငန်းအရ မန္တလေးရှိ သူ့ထံသို့ ငွေလွှဲနေကြသူများ ဖြစ်သည်တဲ့။

ဒါက ဘွားအေ၏ သီးသန့်အမှာတော်ပုံ၊ ဒါတင်မကသေး၊ မေမေကလည်း လုံလောက်အောင် ပေးလိုက်သည့်အပြင် ရွှေခေါက်ဆွဲကြိုး၊ ဟန်းချိန်းနှင့်

လက်စွပ်တွေကို ဆင်လိုက်သေးသည်။

ဒါတွေကို သူမဝတ်ဆင်လို၊ ရွှေအတုံးအခဲလိုက်တွေ ပြိုးပြိုးပျက်ပျက် ဝတ်ဆင်ရတာ တောကျသည်၊ တောသူကြီးသားနှင့် တူသည်ဟု ထင်သော်လည်း ဒါတွေက အသပြာအဖြစ် ပြောင်းလွဲနိုင်သည်ဟု သိထားသဖြင့် ကိုယ်နှင့်မကွာ ဝတ်ဆင်ထားပြီး အင်္ကျီနှင့် ဖုံးဖိထားလိုက်သည်။

ညရထား စီးခဲ့ရသဖြင့် အိပ်ရေးပျက်ခဲ့ သမျှကို အတိုးချကာ အိပ်စက် အနားယူ ပစ်လိုက်လေသည်။

"တီ ... တီ"

လျှပ်စစ် လူခေါ်ခေါင်းလောင်း သံရှည်ကြောင့် သူဆတ်ခနဲ နိုးထလာသည်။

"ဆရာ ... ဧည့်သည် ရောက်နေပါတယ်"

ဧည့်ကြိုဌာနကနေ ဖုန်းဆက်ခေါ်လည်း ရရဲ့သားနဲ့ဟု သူတွေးလိုက်သော်လည်း မပြောဖြစ်။

"ဘယ်သူတဲ့လဲ"

"ကိုသီဟတဲ့"

"အေး ... လာခဲ့မယ်၊ စောင့်ခိုင်းထားလိုက်"

"ဟုတ်ကဲ့ပါ ဆရာ"

ထွန်းတေဇာ အားတက်သွားသည်။ တစ်ယောက်တည်း အကြံထက် နှစ်ဦးပေါင်း ဆိုင်လိုက်လျှင် ပို၍အောင်မြင်နိုင်သည်။

နာရီကို ကြည့်တော့ မွန်းလွဲတစ်နာရီပင် ထိုးလုနေပြီ၊ ရေကမန်းကတန်း ချိုးပြီး အဝတ်လဲ၊ ငွေများပါသော ကျောပိုးအိတ်ကို လွယ်ကာ အောက်ထပ်သို့ ဆင်းခဲ့သည်။

ညည့်ခန်း၌ သတင်းစာတစ်စောင် ဖတ်ရင်း စောင့်ဆိုင်းနေသော သီဟကို တွေ့လိုက်ရသည်။

"ဟော့ ... သီဟ"

"လာ ... ထွန်း ... ဒိုးကြမယ်"

"ဘယ်သွားမှာလဲကွ"

"လာပါကွာ ... ဘေးနားက ပုလဲအအေးဆိုင်မှာ မုန့်စားရင်း ..."

"ငါထမင်းတောင် မစားရသေးဘူး"

"ဒါဖြင့် ဒန်ပေါက်သွားစားမယ်၊ အင်းဝမှာ ဖာလူဒါသောက်"

"လုပ်လိုက်လေ ကြာသလားလို့"

ဘာပဲပြောပြော သီဟရောက်လာတော့ ထွန်းတေဇာ အားရှိသွားသည်။

"ဘတ်စ်ကား စီးမလား၊ လမ်းလျှောက်မလား"

"လမ်းလျှောက်မယ်ကွာ"

အစ်ကိုလေး အောင်တေဇာက မှာထားသည်ကို အမှတ်ရလိုက်သည်။ "ဘတ်စ်ကားစီးရင် သတိထား၊ ခါးတွေ (ခါးပိုက်နှိုက်)တွေရှိတယ်၊ ဘတ်စ်ကား မစီးဖူးတဲ့ မင်းလိုကောင် အတွက်တော့ အချဉ်ပဲ"ဟူ၍ ...။

သို့နှင့် ဆူးလေဘုရား လမ်းအတိုင်း လျှောက်ခဲ့ကြသည်။ သီဟကလည်း အာပေါင်အာရင်း သန်သန်နှင့် သူသိထားသော ပွဲစားများအကြောင်း ပြောပြသည်။

အပျိုရုပ်ထွေးသော စနေနေ့၏ ဗိုလ်ချုပ်ဈေးအကြောင်း၊ စားသောက်ဆိုင်တွေရှိ စားပွဲထိုးမလေးများ အကြောင်း၊ ညစာကောင်းကောင်း စားသောက်ရမည့် ဆိုင်တစ်ဆိုင် တွေ့ထားကြောင်း ပြောပြလေသည်။

သူက နားထောင်သမား သက်သက်ဖြစ်ပြီး လောလောဆယ်တော့ ဟောင်းလောင်း ဖြစ်နေသော ဗိုက်ကို သူအင်မတန် ကြိုက်သောဒန်ပေါက်နှင့် အာဟာရ ဖြည့်တင်းပြီးနောက် လက်ရွေးစင် လက်ဖက်ရည်ဆိုင်ထိုင် အချိန်ဖြုန်းကြသည်။

သီဟက လက်ရွေးစင် ကာဖီဆိုင်မှ ဖုန်းနှင့် လုပ်ငန်းကိစ္စ အချိတ်အဆက် လုပ်သည်။

"ပတ်စ်ပို့ အရင်လုပ်ရမယ်တဲ့ကွ"

"အေးလေ ... ငါ့ဆယ်တန်း အောင်လက်မှတ်ကော၊ ဘွဲ့လက်မှတ်၊ သန်းခေါင်စာရင်း မိတ္တူပါ လိုရမယ်ရ ယူလာတယ်"

"ငဝိုင်းကော"

သီဟက လက်ညှိုးနှင့်လက်မ ဝိုင်းပြသည်။ (ထိုခေတ်စကားအရ ငွေကို ဆိုလိုသည်။)

"ပါပါတယ်"

"တစ်လောက မောင်နီတက်သွားလို့ ငါပွဲခ မြိုးမြိုးမြက်မြက်လေး ရလိုက်တယ်၊ ငါကတော့ ပွဲစားပြီး ငွေစုပြီးမှ ငါတက်ဖို့ လုပ်ရမှာ၊ မင်းတို့လို ဝက်မထော (ငွေမပေါ)တော့ ဒီလိုပဲ ကြိုးစားရတယ်ကွာ"

"ငါရှိပြီပဲ ... မပူနဲ့ သီဟ၊ လိုင်းကောင်းကောင်းသာ မိပါစေ၊ မင်းက လုပ်အားစိုက်၊ ငါက ငဝိုင်းစိုက်မယ်ကွာ"

ငွေကိုရေလို သုံးနိုင်သော ထွန်းအတွက်က သူဖြစ်ချင်တာ ဖြစ်မြောက်နိုင်ဖို့အတွက် တွန့်တိုနှမြောခြင်း လုံးဝမရှိ။ ငွေတန်ဖိုးမှ သူနားမလည်လေပဲ၊ လိုတရ မင်းသားတစ်ဦး ဘဝပေပဲကိုး။

"အိုကေ"

ထိုမှစတင်၍ သူ့ဘဝ၌ အပြောင်းအလဲတစ်ခု ဖြစ်သွားခဲ့လိမ့်မည်ဟုသာ ထွန်းတေဇာ သိခဲ့ပါလျှင် ...။

ညနေဘက် မီးရောင် ဖျော့ဖျော့လေးများ ထွန်းထားသော စားသောက်ဆိုင်ကို သီဟ၊ နောက် သူ့ထက်အရင် ရန်ကုန်ကို စောရောက်နေနှင့်သော သိန်းအောင်နှင့်အတူ သူငယ်ချင်း သုံးယောက်သား ဝိုင်းဖွဲ့ စားသောက်ကြသည်။

ထွန်းတေဇာ မျက်ဝန်းက စားသောက်ဆိုင် စင်မြင့်ပေါ်၌ သီချင်းဆိုနေသည့် မယ်နီဆိုသော မိန်းမချောလေးကို မြင်သည်နှင့် ထူဆန်းသောခံစားမှု ဝေဒနာတစ်ရပ်က သူ့ရင်ထဲသို့ တစိမ့်စိမ့် ဝင်ရောက်လာသည်။

မျက်တောင်ကော့ ရှည်ကြီးများအောက်က တောက်ပသော ညို့မျက်ဝန်းအစုံက အကြောက်အလန့်မရှိ စပါးကြီးမြွေ တစ်ကောင်လို ညို့ယူဖမ်းစားနိုင်စွမ်း ရှိသကဲ့သို့ ညို့ချက် ပြင်းလှသည်။

ဖြောင့်စင်းသော နှာတံ၊ ကွေးညွှတ်သော နှင်းဆီငုံဖူး နှုတ်ခမ်းနှစ်လွှာက မပြုံး၏သို့ ပြုံး၏သို့နှင့် ထီမထင်ဟန်နှင့် ဖမ်းစားနေလေပြီ။

ထွန်းတေဇာ စပါးကြီးမြွေ တစ်ကောင်၏ ညို့ယူဖမ်းစားမှုကို ခံလိုက်ရသော သားကောင် တစ်ကောင်နှယ် ထိုစားသောက်ဆိုင်သို့သာ နေ့စဉ် ခြေဦးလှည့်နေမိတော့သည်။

ထိုမှ မယ်နီဟူသော ဆန့်ကျင်ဘက်မလေး၏ ချည်တိုင်၌ ရုန်းမထွက်နိုင်တော့ဘဲ တဝဲလည်လည် လည်ရင်းဖြင့်သာ ...။

***